BURMESE WOMEN'S UNION

# စစ်အာဏာရှင် အမြစ်ပြတ်ချေမှုန်းရေးအတွက် တိုက်ပွဲဝင်နေသည့် ဣတ္ထိယများ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ မှ ဧပြီ လအထိ ၃ လတာ အမျိုးသမီးများဆိုင်ရာ သတင်းသုံးသပ်ချက်



# နိဒါန်း

စစ်အာဏာရှင် အမြစ်ပြတ်ချေမှုန်းရေးအတွက် စစ်ကောင်စီမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ လမှသည် ယနေ့ချိန်ထိ အမျိုးသမီးများ၏ အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများမှာ အရှိန်လျော့ကျသွားခြင်း မရှိပေ။ ငြိမ်းချမ်းစွာ ဆန္ဒပြသည့် နည်းလမ်းများ အသုံးပြုကာ အာဏာရှင်ကို တော်လှန်သကဲ့သို့ ပြည်သူ့ကာကွယ်ရေးတပ်များသို့ ဝင်ရောက်ကာ ကျရာတာဝန်ထမ်းဆောင်လျက် အာဏာရှင်ကို ချေမှုန်းလျက်ရှိနေသည်။ ထို့အပြင် အိမ်ရှင်မများမှာလည်း အသံတိတ်သပိတ်ကမ်ပိန်းများ ရေမစို အတာသင်္ကြန်များတွင် ပါဝင်ကာ အာဏာရှင်စနစ်ကို အလိုမရှိကြောင်း ထုတ်ဖော်ပြသလျက်ရှိသည်။ ထိုသို့ ပါဝင်ရန် လှုံ့ဆော်သူများကို စစ်ကောင်စီဘက်မှ မတရားဖမ်းဆီးခြင်းအပြင် ညှဥ်းပန်းနှိပ်စက်ခြင်းများ၊ ဓါးစာခံဖမ်းဆီးမှုများနှင့် သတ်ဖြတ်မှုများကို ကျူးလွန်လျက်ရှိသည်။ ထိုမျှမက စစ်ကောင်စီတပ်များသည် အမျိုးသမီးများအား စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများဖြစ်သည့် မုဒိမ်းကျင့်၍ သတ်ဖြတ်မှုများကိုလည်း ဆက်လက် ကျူးလွန်လျက်ရှိသည်။

စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ၎င်းတို့ ဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် အမျိုးသမီးများအပေါ် လူမဆန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်သည့်အပြင် နေအိမ်များကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် နေရပ်မပြန်နိုင်ကာ စစ်ရှောင်နေကြရသည့် လူဦးရေနှင့် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်ကောင်စီတို့ကြား တိုက်ပွဲများကြောင့် နေရပ်စွန့်ခွါနေကြရသည့် စစ်ရှောင်ဦးရေများ တိုးလာလျက်ရှိပြီး စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် သောက်သုံးရေရှားပါးမှုဒါဏ်များကို ခံနေကြရသည်။

အမျိုးသမီးများသည် ပြည်တွင်း စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုနှင့် အလုပ်အကိုင် ရှားပါးမှုဒါဏ်များကိုလည်း ခါးစည်းခံနေကြရသည်။ စစ်တပ်မှ စစ်အာဏာရှင် ဆန့်ကျင်ရေး လှုပ်ရှားမှုများအား ထိန်းချုပ်ရန် ကြိုးပမ်းနေသော်လည်း အောင်မြင်မှုမရသည်ကို မိမိတို့အနေဖြင့် သုံးသပ်မိပြီး တိုင်းပြည်၏ အဓိကယန္တရားများဖြစ်သော ပညာရေးနှင့် ကျန်းမာရေး ယန္တရားများကောင်းစွာ လည်ပတ်နိုင်မှုမရှိသည့် အပြင် တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးစနစ်များမှာ လုံးဝပျက်သုဥ်းနေသည့် အခြေအနေ ဖြစ်နေသည်ဟု မိမိတို့မှ ရှုမြင်သုံးသပ်သည်။

# စစ်အာဏာသိမ်းပြီးနောက် အမျိုးသမီးများ၏ အခြေအနေများ

- ***အမျိုးသမီးများ၏နိုင်ငံရေးလှုပ်ရှားမှု***

မည်သို့ပင် ဖမ်းဆီး သတ်ဖြတ်မှုများ ရှိနေပါသော်လည်း အမျိုးသမီးများသည် ဆန္ဒပြပွဲများတွင် ဦးဆောင်ပါဝင်ခြင်းများ ယခုသုံးလတာ ကာလအတွင်း အသံတိတ်သွားခြင်း မရှိဘဲ စစ်အာဏာရှင်ကို ဆက်လက်တော်လှန်မြဲဖြစ်သည်။ မတ်လ (၈) ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင်လည်း “ကြွတ္ထိယတွေ ရှေ့သို့ချီ အကြမ်းဖက်မှုကို အမြစ်ဖြတ်မည်” ဆောင်ပုဒ်များဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို သမိုင်းစာမျက်နှာ ရဲရဲတောက် ရေးထိုးခဲ့သည်။ မြန်မာ့ရိုးရာ အတာသင်္ကြန်တွင်လည်း ရေဆော့ကစားခြင်းများကို ရှောင်ကျဉ်၍ “ယိမ်းမက တော်လှန်နွေမ” စာသားများဖြင့် အာဏာရှင်တို့အား ဆန့်ကျင်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။




*Photo 1: Women's March, photo from Women Alliance Burma*

ထိုသို့ စစ်အာဏာရှင် ဆန့်ကျင်ရေးတွင် ပါဝင်သည့် အမျိုးသမီးထုမှ ပေါင်းစပ်မိကာ နှင်းဆီရောင် အမျိုးသမီးသမဂ္ဂကို အလုပ်အမှုဆောင် (၁၅) ဦး နှင့် လှုပ်ရှားမှုတွင် ပါဝင်သူ အမျိုးသမီး (၄၀၀) ကျော်တို့ဖြင့် (၂၀၂၂)

ခုနှစ် မတ်လ (၂၇) ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြသည်။[1] ၎င်းနှင်းဆီရောင် အမျိုးသမီးသမဂ္ဂမှ အာဏာရှင် ပြုတ်ကျရေး၊ အမျိုးသမီးများ၏ အခန်းကဏ္ဍအား မြှင့်တင်ရေးနှင့်အတူ ကျား-မ တန်းတူရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။




*Photo 2: Women's March, photo from RFA*

အာဏာရှင်ကို ဆန့်ကျင်ရာတွင် အမျိုးသမီးအင်အားစုများသည် အကြမ်းမဖက် နည်းလမ်းဖြင့်သော်လည်းကောင်း၊ လက်နက်ကိုင် လမ်းစဉ်ဖြင့်သော်လည်းကောင် တော်လှန်နေကြပြီး လက်နက်ကိုင် လမ်းစဉ်တွင် ပါဝင်သည့် အမျိုးသမီးအင်အားစုမှာလည်း တိုးလာလျက်ရှိသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသို့ ဝင်ရောက်ခဲ့သည့် အမျိုးသမီးများသည် အခက်အခဲများစွာနှင့် ရင်ဆိုင်နေကြရသော်လည်း ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA) မှ သင်တန်းနည်းပြနေရာ တာဝန်ယူသည့် အမျိုးသမီး ဆရာမမေ ကဲ့သို့ အမျိုးသမီးများလည်း ပေါ်ထွက်လာခဲ့သည်။[2] ထို့အပြင် ယခင်မြောင်မြို့နယ် တိုင်းဒေသကြီးအမတ်တဦးဖြစ်သည့် နွေဦးဒေဝီသည် လက်ရှိတွင် မြောင် (PDF) ၌ ဒုတပ်ရင်းမှူးတာဝန်ထမ်းဆောင်၍ အာဏာရှင်အား အမြစ်

*ဆရာမမေမှ “ဒီလမ်းကိုရွေးချယ်ပြီးပြီးဖြစ်လို့ မှားတယ် မတွေးမိဘူး၊ တော်လှန်ရေး ဘယ်လောက်ပဲ နှစ်ကြာကြာ တော်လှန်ရေးပြီးဆုံးအောင် လုပ်မယ်။ တော်လှန်ရေးပြီးရင် ဒီမှာဆက်နေဖြစ်မလား၊ ဝါသနာပါတဲ့ ဖိုတိုမော်ဒယ်လုပ်ဖြစ်မလား မသေချာသေးဘူး ” ဟု သူမ၏ တော်လှန်ရေး စိတ်ဓာတ်ကို ပုံဖော်ပြသခဲ့သည်* ( DVB, 20th April 2022)

---

1 RFA, 9TH Apr 2022. https://www.facebook.com/watch/?ref=saved&v=1126033028198593

2 DVB, 25th Apr 2022. http://burmese.dvb.no/archives/529760?fbclid=IwAR1OGUkh7mRh7PngJOMToNmBiFrZ1BpF0-3A6UhOcf74_GkMsPZ8ZXqaOBY

ပြုတ်တိုက်ထုတ်နေသည်။ အမျိုးသမီးများသည် အားနွဲ့သူများဖြစ်သည်ဟူသည့် လူမှုပတ်ဝန်းကျင်မှ ပုံသေသတ်မှတ်ချက်များကို ကျော်လွှား၍ အမျိုးသမီးများ၏ လုပ်ဆောင်နိုင်စွမ်းနှင့် ဦးဆောင်နိုင်စွမ်းကို ပြသနေသည်ဟု ဆိုရမည်ဖြစ်သည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် လက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်များတွင် ပါဝင်နေကြသည့် အမျိုးသမီးများ၏ နိုင်ငံရေးတက်ကြွမှုမှာ အားကောင်းလျှက်ရှိပြီး စစ်အာဏာရှင်ပြုတ်ကျရေး ရှေးရှု၍ ဦးဆောင်မှုကဏ္ဍတွင်သာမက ဆေးတပ်ဖွဲ့ဝင်များအဖြစ်သော်လည်းကောင်း အခြားကဏ္ဍများတွင် ကျရာတာဝန်များကို ထမ်းဆောင်နေ ကြသည်ကို သုံးသပ်နိုင်သည်။

စစ်အာဏာရှင် ဆန့်ကျင်သည့် အမျိုးသမီးများအား စစ်ကောင်စီမှ မတရားဖမ်းဆီး ထောင်ဒဏ်ချ မှတ်ခြင်းများ ရှိနေ၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မှ ၂၀၂၂ ခုနှစ် ဧပြီလအထိ အာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီး ထိန်းသိမ်းခြင်း ခံရသည့် အမျိုးသမီးပေါင်း (၂၀၅၅) ဦးရှိခဲ့ပြီး ပစ်ဒါဏ်ချမှတ်ခံရသူ အမျိုးသမီး (၁၅၃) ဦး ရှိခဲ့သည်။ အမြင့်ဆုံး ပစ်ဒါဏ်အဖြစ် သေဒါဏ်ချမှတ်ခံရသည့် အမျိုးသမီးများ (၈) ဦး ရှိသကဲ့သို့ ထောင်ဒါဏ် တသက်တကျွန်း ချမှတ်ခံထားသူ အမျိုးသမီး (၆) ဦး ရှိခဲ့သည်။ စုစုပေါင်း သေဆုံးသူ အမျိုးသမီး (၁၇၁) ဦးရှိခဲ့သည်။

## ▪ *အမျိုးသမီးအကြမ်းဖက်ခံရမှုများ*

အမျိုးသမီးများအပေါ် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ဆက်လက် ကျူးလွန်လျက်ရှိသည်။ ဧပြီလ (၂၂) ရက်တွင် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်တွင် စုပေါင်း သပိတ်တစ်ခုအား ရဲကားတစ်စီးမှ အရှိန်ပြင်းပြင်းဖြင့် ဝင်တိုက်၍ ဖြိုခွင်းမှု ပြုလုပ်ခဲ့သည့်အတွက် အမျိုးသမီး (၃) ဦး ဖမ်းဆီးခံခဲ့ရသည်။[3] ယခုလို ကားဖြင့်တိုက်၍ သပိတ်များအား ဖြိုခွင်းသည့်လုပ်ရပ်သည်



*Photo 3: Photo from Khit Thit Media*

အာဏာသိမ်းရန် ကြိုးပမ်းမှု ကာလအတွင်း အကြိမ်များစွာရှိခဲ့ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသည့် ပြည်သူများအား ရည်ရွယ်ချက်ရှိရှိ လူသားမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်း အပြစ်ပေးခံရခြင်းမရှိဘဲ ကျူးလွန်ခြင်းဖြစ်သဖြင့် စစ်အာဏာရှင် လက်အောက်တွင် တရားဥပဒေစိုးမိုးမှုမှာ အလုံးစုံ ပျက်သုဉ်းနေသည်ဟု သုံးသပ်ပါသည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် အမျိုးသမီးများအား အကြောင်းပြချက် ခိုင်လုံမှုမရှိ၊ စွပ်စွဲချက်များဖြင့် ဖမ်းဆီးမှုများကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အမျိုးသမီးများအား ဓားစာခံအဖြစ် ပစ်မှတ်ထား သတ်ဖြတ်မှုများကိုလည်း ဆက်လက်ကျူးလွန်နေသည်။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်ဝ ကျေးရွာမှ ကိုယ်ဝန် (၇) လ လွယ်ထားရသူ မသူဇာဝင်းထွေးကိုလည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို

---

[3] RFA, 20th Apr 2022. https://www.facebook.com/rfaburmese/posts/10161777630503128

ပစ္စည်းထောက်ပံ့ပေးနေသည်ဟု စွပ်စွဲကာ မတရားဖမ်းဆီး၍ ရုံးထုတ်စစ်ဆေးမှု ပြုလုပ်ခဲ့သည်။[4] ယခုကဲ့သို့ ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုလည်း စွဲချက်များတပ်ကာ ဖမ်းဆီးမှုများ ဆက်တိုက်ပြုလုပ်နေသော်လည်း လုံလောက်သော အဟာရ ရရှိရန်၊ အစားအစာများနှင့် ကျန်းမာရေး စောင့်ရှောက်မှုခံယူမှုတို့အတွက် စီစဉ်ပေးမှုများ လုံးဝမရှိသဖြင့် ထိုကိုယ်ဝန်ဆောင်မိခင်များ၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရာ ဖြစ်နေသည်။

ထောင်တွင်း ဖမ်းဆီးခံထားရသည့် ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ ဗဟိုအလုပ်အမှုဆောင် မဝတ်ရည်အောင်သည် ယခုအချိန်တွင် ဦးခေါင်းအကြိတ်ဖြစ်နေသော်လည်း ထောင်ပြင်ပ ဆေးခန်းများတွင် ဆေးကုသခွင့် မရရှိသေးပေ။[5] ၂၀၂၁ ခုနှစ် စက်တင်ဘာ (၁၉) ရက်နေ့တွင် စစ်ကောင်စီခြင်း ဖမ်းဆီးခြင်းကို ခံခဲ့ရသည့် စစ်ကိုင်းပညာရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) ဥက္ကဋ္ဌ မအေးနန္ဒာစိုးကို ဖမ်းဆီးခံထားရပြီး (၇) လကြာသည်အထိ အဆက်အသွယ်မရဘဲ ပျောက်ဆုံးနေသည်။[6] ဧပြီလ (၅) ရက်နေ့တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်အတွင်း မိခင်ဖြစ်သူ မဝေနှင့် သုံးနှစ်အရွယ်သား မောင်သန့်ဘုန်းဝေယံကို အလုံမြို့နယ် ဆင်မင်းရပ်ကွက်က BC မူကြိုကျောင်းထဲတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီးခဲ့သော်လည်း တပတ်ကြာသည်အထိ မိခင်နှင့်ကလေး မည်သည့်နေရာတွင် ရှိနေသည်ကို မသိရသေးပေ။[7] ယခုကဲ့သို့ ကလေးသူငယ်အား မူကြိုကျောင်းအတွင်းသို့ စီးနင်းဝင်ရောက်ဖမ်းဆီးခြင်းသည် ကလေးသူငယ်အခွင့်အရေးများကို ပြောင်ပြောင်တင်းတင်းကျူးလွန်သည့် လုပ်ရပ်ဖြစ်ပြီး ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာကိုလည်း ထိခိုက်မှုများကိုလည်း ချိုးဖောက်သည်ဟု သုံးသပ်ပါသည်။

မန္တလေးခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ဒုဥက္ကဋ္ဌ ဦးကိုကိုလေးအား မဖမ်းဆီးနိုင်သောကြောင့် အရပ်ဝတ်များဖြင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက စစ်ကား (၅) စီးဖြင့် ဇနီးဖြစ်သူ ဒေါ်စိုးစိုးကို (၂၀၂၂) ခုနှစ် ဧပြီ (၁၂) ရက်နေ့တွင် ဖမ်းဆီးသွားပြီးနောက် စစ်ကြောရေးတွင် သတ်ဖြတ်ခဲ့ပြီး ရုပ်အလောင်းအား မန္တလေးမြို့လယ် (၃၅) လမ်းရှိ ဂေါ်ရာကွင်း (မင်္ဂလာဈေးယာယီဈေးသစ်) အနီး အရန်မီးသတ် ရုံးရှေ့တွင် ဧပြီ (၁၈) ရက်က စွန့်ပစ်ထားခဲ့သည်။[8] မတ်လ (၈) ရက်နေ့တွင်လည်း စစ်သားအင်အား (၅၀) ခန့်မှ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ အင်းဒေါင့်ငယ်ရွာသို့ ပစ္စည်းများ ဝင်ယူကာ ပိုက်ဆံ သိန်း (၅၀) ရှိသည်ဟုဆိုကာ ဝင်လု၍ မိခင်ဖြစ်သူ အသက် (၄၂) နှစ်အရွယ် မအေးအေးဝင်းကို အဓမ္မပြုကျင့်ပြီး အသက် (၂) နှစ်အရွယ် မရတီမိုး အပါအဝင် သားအမိနှစ်ဦးအား စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ သတ်ဖြတ်ခဲ့သည်။[9] ထိုနည်းလည်း ကောင်း စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ သပြေးအေးရွာမှ အပြစ်မဲ့ အမျိုး သမီးတစ်ဦးကို ခမရ (၃၆၈) မှ စစ်သား ဝင်းသူရ၊ မောင်တူးနှင့် ကျော်ဇင်လတ်တို့ (၃) ဦးတို့မှ ပစ်သတ်ပြီး ရုပ်အလောင်းကို အဓမ္မပြုကျင့်ခဲ့ ကြောင်း

---

[4] Khit Thit Media, 24th Feb 2022. https://www.facebook.com/khitthitnews/posts/1433230280447647

[5] Dagon University Students' Union, 12th Apr 2022.
https://www.facebook.com/SpeakUp4MyanmarWomen/posts/309536607978629

[6] Myanmar Labour News, 20th Apr 2022. https://www.facebook.com/myanmarlabournews/posts/774514593934267

[7] RFA, 12th Apr 2022. https://www.facebook.com/rfaburmese/posts/10161762557358128

[8] Burmese Human Rights Network, 22nd Apr 2022. https://www.facebook.com/BHRNUK/posts/318395357068139

[9] Myae Latt A Than, Mar 8. https://www.facebook.com/myaelattathan/posts/3110173222632566

ၛင်းတပ်မှ တပ်ပြေးတစ်ဦးမှ ထုတ်ဖော်ခဲ့သည်။[10] အလားတူပင် မိမိတို့စာရင်းပြုစုချက်အရ အမျိုးသမီးများ အပေါ် စစ်ကောင်စီတပ်ဖွဲ့ဝင်များ အဓမ္မပြုကျင့်သည့် လုပ်ရပ် (၆) မှုထက်မနည်း ယခု သုံးလတာကာလ အတွင်း စုဆောင်းရရှိခဲ့သည်။ လက်ရှိ နိုင်ငံရေးမတည်ငြိမ်မှုကြား အမျိုးသမီးများသည် စစ်ကောင်စီ တပ်ဖွဲ့ ဝင်များ၏ စက်ဆုပ်ဖွယ် အခွင့်အရေးချိုးဖောက်မှုများ ကြုံတွေ့နေကြရသော်လည်း ပြစ်မှု ကျူးလွန်နေသူ များမှာ ပြစ်ဒါဏ်ကင်းလွတ်ခွင့်ရနေကြသည်။ ၎င်းအခြေအနေကို သုံးသပ်ခြင်းအားဖြင့် စစ်အာဏာရှင်သည် ၎င်းတို့၏ အာဏာတည်မြဲရေးအတွက် စက်ဆုပ်ရွံရှာဖွယ် လုပ်ရပ်များဖြင့် အမျိုးသမီးများအပေါ် ကျူးလွန် ကာ ပြည်သူတရပ်လုံးအား အကြောက်တရားဖြင့် ဖိနှိပ်ခြယ်လှယ်ရန် ကြိုးပမ်းနေသည်ကို မိမိတို့မှ သုံးသပ် တွေ့မြင်နိုင်သည်။

- ***အမျိုးသမီးနှင့်စီးပွားရေးအခြေအနေ***

ကိုဗစ်ရိုက်ခတ်မှုအပြင် နိုင်ငံတွင်း ပြည်တွင်းစစ်များ နှင့် နိုင်ငံတကာမှ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ကုန်ဈေးနှုန်းမှာ တရိပ်ရိပ်တက်လာလျက်ရှိသည်။ လူသုံးကုန်ပစ္စည်းများ ဈေးတက်လာမှုနှင့်အတူ စားသုံးဆီ ဈေးမှာလည်း နှစ်ဆ ထိုးတက်လာသည်။[11] ထို့ကြောင့် ကျဘမ်းအလုပ်များ လုပ်ကိုင်ကာ စားဝတ်နေရေး အတွက် ဖြေရှင်းနေကြရသည့် အမျိုးသမီးများလည်း ရှိခဲ့သည်။ ညဈေးတန်းတွင် ငါးကင်ရောင်းနေ၍ စားဝတ်နေရေး ဖြေရှင်းနေရသည့် မစိုးဦးမှာလည်း အာဏာသိမ်းမှုနောက်ပိုင်း ကုန်ဈေးနှုန်း တက်နေသည့် အတွက်ကြောင့် ဈေးတင်ရောင်းနေရသော်လည်း အဝယ်ပါး၍ စားဝတ်နေရေး ခက်ခဲနေသည်။ သူမမှ " ဘယ် ချိန် ထမင်းငတ်မယ်ဆိုတာ မသိဘူး။ ကလေးနဲ့က တဖက် ဘာလုပ်စားရမှန်း မသိဘူး" ဟုဆိုသည်။[12]

မသန်စွမ်းအမျိုးသမီး မချယ်မှ "ကုန်ဈေးနှုန်းတွေကြောင့် ဝင်ငွေထွက်ငွေ မျှတမှု မရှိဘူး။ လောက်ငဖို့ မနဲချွေတာသုံးစွဲနေရတယ်" ဟု သူမ၏ စားဝတ်နေရေး ဖြတ်သန်းရပုံကို ရှင်းပြပါသည်။[13] သူမနည်းတူ ယခင် ကိုယ်ပိုင်ပုံနှိပ်လုပ်ငန်းဖြင့် စီးပွားရေး လည်ပတ်ခဲ့သည့် မရီရီခေါ် ကိုယ်အင်္ဂါမသန်စွမ်းသူ အမျိုးသမီးမှာ လည်း စစ်အာဏာသိမ်းမှုကြောင့် ကိုယ်ပိုင်လုပ်ငန်းအား ရပ်တန့်ခဲ့ရပြီး လက်ရှိမှာ အလုပ်အကိုင် မရှိဖြစ်နေ သည်ဟု ဆိုပါသည်။ သူမအနေဖြင့် "အလုပ်မရှိတော့ စားဝတ်နေရေး အရမ်းခက်ခဲနေပါတယ်။ ရေရှည်ဆို ပိုဆိုးမှာပါ" ဟု ဖွင့်ဟထားပါသည်။ မသန်စွမ်းသူများသည် သာမန်လူများထက် အလုပ်အကိုင်ရှားပါး၍ စားဝတ်နေရေးအတွက် ရုန်းကန်ရသူများ ဖြစ်သည့်အတွက် ထိုမသန်စွမ်းအမျိုးသမီးများအတွက် တရိပ် ရိပ်တက်လာနေသည့် ကုန်ဈေးနှုန်းနှင့် အလုပ်အကိုင်ရှားပါးမှု ပြဿနာမှာ ပို၍ပင် စိန်ခေါ်မှုဖြစ် နေသည်။ ၎င်း

---

[10] Khit Thit Media, Mar 22. https://www.facebook.com/khitthitnews/posts/1453716865065655

[11] DVB, 25th Apr 2022. http://burmese.dvb.no/archives/529711?fbclid=IwAR1NnYE-vAK9G_782w-erJVzl4AT-U1NM39wOUmGYMg3SvInWv7BMEFtjRg

[12] HI, 4th Apr 2022. https://web.facebook.com/honestinfo/posts/1984168145099918

[13] HI, 18th Apr 2022. https://web.facebook.com/honestinfo/posts/1994662880717111

အခြေအနေများကို သုံးသပ်ခြင်းအားဖြင့် အခြေခံ လက်လုပ်လက်စား လူထုမှာ ကုန်စျေးနှုန်းမြင့်တက်မှုဒါဏ်ကို ဖြစ်သလို အံတုနေကြရသည့် အခြေအနေကို မှန်းဆကြည့်နိုင်ပေသည်။

တဖက်တွင်လည်း ပြည်တွင်း အလုပ်အကိုင် ရှားပါးမှုကြောင့် ပြည်ပထွက် အလုပ်ရှာနေကြသူများတွင် အမျိုးသမီးများလည်း အပါအဝင်ဖြစ်သည်။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်း အလုပ်သမားများသည်လည်း ကိုဗစ်ရိုက်ခတ်မှုကြောင့် အလုပ်နားလိုက်ရသည့်အချိန်တွင် နိုင်ငံရေး အကြပ်အတည်းများနှင့် တိုက်ပွဲဖြစ်ပွားမှုများကြောင့် မိမိနေရပ်သို့ပြန်ရန် စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်။ မလေးရှားတွင် အလုပ်သွားရောက်လုပ်ကိုင်ခဲ့သည့် (၃၁) နှစ်အရွယ် မနော်ဖော့မှ " မြန်မာပြည် အာဏာသိမ်းမှုက ကျမတို့လို ပြည်ပမှာ အလုပ်လုပ်နေသူတွေပါ ထိခိုက်ခဲ့တာပါ။ ဘာလို့လဲဆို ဒီမှာလည်း ကိုဗစ်ကြောင့် အလုပ်မရှိ စိတ်ဓါတ်တွေ ကျနေရတဲ့အထဲ အိမ်က ငွေတောင်းလို့ မပေးနိုင်ရင် ပိုပြီး စိတ်ဆင်းရဲရတယ်။ အဲ့အချိန်တွေဆို သေချင်စိတ်တွေ ဖြစ်လာတယ်" ဟု ဆိုကာ သူမအနေဖြင့် အိမ်ပြန်ချင်သော်လည်း အာဏာသိမ်းမှုနှင့် အတူ ကရင်ပြည်နယ်တွင်း တိုက်ပွဲပြင်းထန်နေသည့်အတွက် အိမ်မပြန်နိုင်ဖြစ်နေသည်ကို ရင်ဖွင့်ခဲ့သည်။[14]

ပြည်တွင်း စက်ရုံအလုပ်သမများမှာလည်း တရားဥပဒေစိုးမိုးမှု မရှိသည့်အတွက် အလုပ်သမား အခွင့်အရေးနှင့် လိင်ပိုင်းဆိုင်ရာနှောက်ယှက်ခြင်းများကို ရင်ဆိုင်နေကြရသည်။ အလုပ်သမားများအား အချိန်ပိုဆင်းခိုင်း၍ လုပ်အားလခ မပေးသည့်အပြင် မည်သည့် ခံစားခွင့်မှ မရရှိကြောင်း သိရှိရသည်။ ထို့အပြင် အမျိုးသမီးများသည် အလုပ်ရှင်များ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းကို ခံနေကြရသည်။[15] သို့သော် တရားဥပဒေစိုးမိုးမှု မရှိသည့်အတွက် ကြိုက်သည့်နေရာတွင် သွားတိုင်ဆိုသည့် ပုံစံမျိုးဖြင့် အလုပ်ရှင်များက ဆက်ဆံကြသည်ဟုလည်း သိရှိရသည်။ ထို့ကြောင့် အလုပ်သမများသည် အလုပ်အကိုင်ရှားပါးမှုကြောင့် လက်ရှိအလုပ်ကို မစွန့်ခွာနိုင်ဘဲ လုပ်ငန်းရှင်များ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းတို့ကို ရေငုံနှုတ်ပိတ် နေနေကြရသည်။

## စစ်ပဋိပက္ခကြားမှ အမျိုးသမီးများ၏ အခြေအနေများ

အမျိုးသမီး နှင့် ကလေးသူငယ်များသည် စစ်ပွဲများ၏ ဒါဏ်ကို အဓိက ခံစားနေကြရသူများ ဖြစ်သည်။ ၃ လတာ ကာလအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် လက်နက် ထိမှန်၍သော်လည်းကောင်း မိုင်းပေါက်ကွဲ၍ သော်လည်းကောင်း အသက်နှင့် ကိုယ်လက်အင်္ဂါဆုံးရှုံးလိုက်ရသူများတွင် အမျိုးသမီးများ နှင့် ကလေးသူငယ်များလည်း ပါဝင်သည်။ စားနပ်ရိက္ခာ ပြန်ယူသည့် စစ်ရှောင်များမှာလည်း စစ်ကောင်စီတပ်များ ထောင်ထားသည့် မိုင်းများကြောင့် အသက်ဆုံးရှုံးရမှုများ ရှိခဲ့သည်။ ကယား (ကရင်နီ)

[14] HI, 16th Apr 2022. https://web.facebook.com/honestinfo/posts/1993050627545003

[15] HI, 29th Apr 2022. https://bit.ly/3OJTKKp

ပြည်နယ်၊ လှိုင်ဘော်မြို့နယ် ပဒါးဥ‌ေးကျေးရွာက နေအိမ်တစ်လုံးတွင် လက်နက်ကြီးတစ်လုံး ကျရောက် ပေါက်ကွဲခဲ့သည့်အတွက် အမျိုးသမီးနှစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးသုံးဦး ထိခိုက်ဒဏ်ရာ ရခဲ့သည်။[16]

အလားတူပင် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ကလော်ဒေးကျေးရွာသို့ စစ်ကောင်စီဘက်မှ လက်နက်ကြီး ဖြင့် ရွာထဲသို့ ပစ်ခတ်မှုကြောင့် အသက် (၂) နှစ် သမီးအရွယ် ကလေးငယ်တစ်ဦး၊ (၅) နှစ်သမီးအရွယ် ကလေး ငယ်တစ်ဦးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအပါအဝင် စုစုပေါင်း အမျိုးသမီး (၅) ဦးနှင့် အမျိုးသား (၂) ဦး ထိမှန်သေဆုံးခဲ့ပြီး (၄) ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[17] နေအိမ်များသို့ လက်နက်များ ကျ ရောက်မှုများ ရှိသကဲ့သို့ လက်နက်အကြွင်းကျန်များအား ဆော့ကစား၍ ကလေးငယ်များ အသက်ဆုံးရှုံး ရမှုများလည်း ရှိခဲ့သည်။ သျှမ်းပြည်တောင်ပိုင်း ဟိုပုံးမြို့နယ် မိုင်းပျဉ်းအတွင်း ကလေးငယ်များသည် ကောက် ရသည့် လက်ပစ်ဗုံးတလုံးကို ဆော့နေချိန် ပေါက်ကွဲမှု ဖြစ်ပွားသဖြင့် အသက် ၇ နှစ်အရွယ် ကလေးငယ် တစ်ဦး သေဆုံးကာ အမျိုးသမီးငယ် တစ်ဦးလည်း ညာဘက်လက် ဖြတ်လိုက်ရသည့် ဖြစ်စဉ်ရှိခဲ့သည်။[18] ထို့ကြောင့် စစ်ပွဲကာလအတွင်း အကြမ်းဖက်စစ်ကောင်စီသည် နိုင်ငံတကာ စစ်ဥပဒေများကို လေးစားလိုက်နာ ခြင်းမရှိဘဲ အရပ်သားများအား ပစ်မှတ်ထားခြင်းကို အစဉ်တစိုက် လုပ်ဆောင်နေသည်ကို ရှုမြင်နိုင်သည်။ တဆက်တည်းတွင် စစ်လက်နက်အကြွင်းကျန်များနှင့် ပတ်သက်၍ အသိပညာပေးမှုများကို အရှိန်မြင့် လုပ် ဆောင်သင့်သည်ဟု သုံးသပ်ရှုမြင်ပါသည်။

ထို့အပြင် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးကျိုးတခုဖြစ်သည့် လက်နက်အားကိုး၍ ဥပဒေမဲ့ သတ်ဖြတ် မှုများကိုလည်း မြန်မာပြည်သူများမှ ရင်ဆိုင်နေရသည်။ မိုင်းကိုင်မြို့နယ် တအာင်းပလောင်အမျိုးသား (TNP) ပါတီ ဥက္ကဌ မိုင်းနှမ်ဟန်၊ ဇနီးဖြစ်သူ လွေးအေးခ နှင့် (၇)လအရွယ် သမီးငယ်တို့ကို မတ်လ (၁၃) ရက်နေ့တွင် သေဆုံးလျှက် ပြန်လည်တွေ့ရှိခဲ့သော်လည်း မည်သည့်လက်နက်ကိုင် အဖွဲ့အစည်းက သတ်ဖြတ်ခဲ့သည်ကို ယနေ့ချိန်ထိ တိကျမှန်ကန်သော သတင်းအချက်အလက် ထွက်ပေါ်ခြင်းမရှိသေးပေ။ ၎င်းတို့ သေဆုံးမှုဖြစ် စဉ်တွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တပ်ဖွဲ့၏ လက်ချက်ဖြစ်ကြောင်း စွပ်စွဲချက်များ ရှိနေသော်လည်း RCSS ဘက်မှ ထိုနယ်မြေတွင် ၎င်းတို့ လှုပ်ရှားမှုများ မရှိသည်မှာ ပြီးခဲ့သည့် ဒီဇင်ဘာလ ထဲကဖြစ်ပြီး ထိုနယ်မြေတွင် ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) သာ ရှိနေကြောင်းနှင့် ထိုသို့ မိသားစုလိုက် သတ်ဖြတ်မှုကို ရှုတ်ချ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် ပူးပေါင်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။[19] ထိုသို့ အပြန်အလှန် စွပ်စွဲဖြေရှင်းမှုများ ရှိသော် လည်း (၇) လသား ကလေးငယ်အပါအဝင် မိသားစုလိုက် သတ်ဖြတ်ခြင်းသည် အင်မတန် စက်ဆုတ်ရွံရှာဖွယ် ရာဖြစ်သည့် ရာဇဝတ်မှုမြောက်၍ မိမိတို့မှ ပြင်းထန်စွာ ရှုတ်ချပါသည်။

---

[16] Kantarawaddy Times, 7th Apr 2022. https://www.facebook.com/KantarawaddyTimes/posts/4963224633796007

[17] KIC, Mar 6. https://www.facebook.com/KICNewsPage/posts/1903972469787565

[18] Shan News, 28th Apr 2022. https://web.facebook.com/shannewsburmese/posts/5085519028207166

[19] RFA, Mar 23. https://www.facebook.com/rfaburmese/posts/10161725989468128

တဖက်တွင်လည်း စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ၎င်းတို့ဝင်ရောက်ခဲ့သည့် ကျေးရွာများအား ရွာလုံးကျွတ် မီးရှို့ခဲ့သည့် လုပ်ရပ်များမှာ ယခု ၃ လတာ ကာလအတွင်း





Photo 5: မီးရှို့ခံခဲ့ရသည့် ပြည်သူလူထုနေအိမ်ပေါင်း လအလိုက်ဖော်ပြခြင်း-photo from Data for Myanmar





Photo 4: ပြည်နယ်အလိုက် မီးလောင်ခဲ့သည့် နေအိမ်များ အရေအတွက်- photo from Data for Myanmar

ပိုမိုများပြားလာသည်။ Data for Myanmar ၏ အချက်အလက်များအရ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ၂၀၂၂ခုနှစ် ဧပြီလ (၃၀) ရက်နေ့အထိ ပြည်သူလူထု၏ နေအိမ်စုစုပေါင်း (၁၁၄၁၇) လုံးခန့် မီးလောင်ပြာကျခဲ့သည်။

## စစ်ရှောင်များ အခြေအနေ

မြန်မာနိုင်ငံအနှံ့ နေ့စဉ်တိုက်ပွဲများ ပြင်းထန်လာပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ ရွာလုံးကျွတ်မီးရှို့မှုတို့ကြောင့် စစ်ဘေးရှောင်ဦးရေမှာလည်း တိုးလာလျက်ရှိသည်။ သို့သော်လည်း ယခင် မြန်မာ့တပ်မတော်နှင့် ရခိုင့် တပ်မတော် (AA) တို့ကြား တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည့် ရခိုင်ပြည်နယ် အတွင်း

ရှိ စစ်ရှောင်များပင်လျှင် အထောက်အပံ့များ မရောက်လာ၍ စားနပ်ရိက္ခာ ပြတ်လပ်နေသည့် အခြေအနေများနှင့် ရင်ဆိုင်နေကြရသည်။

> "စားမယ့်ဟာလည်း မရှိတော့ဘူး။ ဆန်မရောက်တာလည်း နှစ်လကျော်ပြီ။ WFP က ထောက်ပံ့တဲ့ ပိုက်ဆံ ရောက်လာမယ်ဆိုပြီးစောင့်တာ အဲဒီပိုက်ဆံလည်း ရောက်မလာဘူး။ ဒီလိုပဲနေရတာပဲ။ သူများတွေ ဆီက ချေးငှားလို့လည်း မရတော့ဘူး။ သူတို့မှာလည်း မရှိတော့ဘူးလေ။ အခု ဒီဆန်ကလည်း အဘွားတစ်ယောက်က ချေးပေးတာ။ ကျမတို့ ဆွေမျိုးတွေမှာလည်း မရှိတော့ဘူး"

ဟု ရခိုင်ပြည်နယ်မှ ဒုက္ခသည် ဒေါ်မလှဦးမှ ပြောကြားခဲ့သည်။[20]

ထို့ကြောင့် လက်ရှိ အာဏာသိမ်းရန် ကြိုးပမ်းမှုကာလအတွင်း ထပ်မံတိုးလာသည့် စစ်ရှောင်များ၏ စားနပ်ရိက္ခာ အထောက်အပံ့ရရှိရေးမှာ ကြီးမားသည့် စိန်ခေါ်မှုတခုအဖြစ် ရင်ဆိုင်နေကြရသည်။ စစ်ကောင်စီ၏ တင်းကြပ်သည့် စစ်ဆေးမှုများနှင့် လူသားချင်းစာနာမှု အကူအညီများကိုလည်း ပိတ်ပင်တားဆီးမှုများကြောင့် စစ်ရှောင်စခန်းအများအပြားတွင် စားနပ်ရိက္ခာပြတ်လပ်နေသည့် အခြေအနေများ ဖြစ်ပေါ်နေသည်။




*Photo 6: IDP situation in Kayah(Karenni State), photo from Kantarawaddy Times*

[20] RFA, 11Th Apr 2022. https://www.facebook.com/watch/?ref=saved&v=1036479720409680

စစ်ရှောင်အများစုနေထိုင်သည့် ကယား (ကရင်နီ) ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါ်ရောက်ခူကျေးရွာကိုလည်း စစ်ကောင်စီဘက်မှ တိုက်လေယာဉ်နှစ်စီးဖြင့် လာရောက်ဗုံးကြဲခဲ့သဖြင့် ထိုကျေးရွာရှိ စစ်ရှောင်များနှင့် ရွာသူ/သားများမှာ ထပ်မံစစ်ရှောင်ခဲ့ကြရသည်။[21] စစ်ကောင်စီသည် ယခုကဲ့သို့ စစ်ရှောင်စခန်းများနှင့် အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားခြင်းသည် စစ်ပွဲအတွင်း လိုက်နာရမည့် နိုင်ငံတကာ ဥပဒေတခုဖြစ်သည့် ဂျနီဗာကွန်ဗင်းရှင်းအား ချိုးဖောက်နေပြီး လူသားဖြစ်မှုကို ကျူးလွန်သည့် ရာဇဝတ်မှုများကိုလည်း ကျူးလွန်နေသည်ဟု မိမိတို့မှ သုံးသပ်ပါသည်။

လက်ရှိနွေရာသီကာလအတွင်း ရေရှားပါးမှုကြောင့် သောက်သုံးရေ ရရှိရန်ပင် နာရီနှင့်ချီလမ်းလျှောက်၍ ရေခပ်နေကြရသည့် အခက်အခဲများနှင့်လည်း ကယား (ကရင်နီ)၊ ရခိုင်ပြည်နယ်တို့ရှိ စစ်ရှောင်စခန်းများတွင် တွေ့ကြုံရင်ဆိုင်နေကြရသည်။[22] လူသားများ၏ အသက်ရှင်ရပ်တည်ရေးအတွက် အဓိက လိုအပ်သည့် ရေနှင့် စားသောက်ကုန်များ ရရှိနိုင်ရေးအတွက် လူသားခြင်းစာနာမှု အကူအညီများ မြန်မာနိုင်ငံရှိ စစ်ရှောင်စခန်းများတွင် အရေးပေါ်လိုအပ်နေပြီး စားနပ်ရိက္ခာ ရရှိရန် တားမြစ်ပိတ်ပင်နေသည့် စစ်ကောင်စီအားလည်း ထိရောက်သည့် နိုင်ငံတကာဖိအားများနှင့် အရေးယူမှုများ အလျင်အမြန် လုပ်ဆောင်ရန် လိုအပ်နေသည်။

## နိဂုံး

အမျိုးသမီးများသည် စစ်အာဏာရှင်အား အမြစ်ဖြတ်ချေမှုန်းရာတွင် ကျရာကဏ္ဍမှ ရွှပ်ရွှပ်ချွံချွံ ပါဝင်နေကြပြီး စစ်ကောင်စီ၏ ပစ်မှတ်ထား သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများနှင့် ပြစ်ဒါဏ်ချမှတ်မှုများကိုလည်း ခံနေကြရသည်။ စစ်အာဏာရှင်ကို လက်နက်ကိုင်တော်လှန်နေကြသည့် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်ကောင်စီတို့ကြား တိုက်ပွဲများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေ၍ အမျိုးသမီးများနှင့် ကလေးများမှာ စစ်ပဋိပက္ခများကြား မြေစာပင်ဖြစ်နေကြရသည်။ စစ်ကောင်စီအုပ်စုသည် စစ်ပွဲအတွင်း လိုက်နာရမည့် ကျင့်ဝတ်များကို သွေဖယ်၍ အရပ်သား ပြည်သူများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းများနှင့် စစ်ရှောင်စခန်းများအား ပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆက်လက်ကျူးလွန်နေသည်။ ထို့ကြောင့် နိုင်ငံတကာမှ စစ်ကောင်စီအုပ်စုအား ထိရောက်သည့် ပိတ်ဆို့အရေးယူမှုများကို ချက်ချင်း လုပ်ဆောင်သင့်သည့်အပြင် ၎င်းတို့နှင့်ဆက်စပ်သည့် အကျိုးတူစီးပွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု ရပ်တန့်ကာ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အမျိုးသားညီညွတ်ရေး အစိုးရနှင့် ဒေသခံ အရပ်ဘက် အဖွဲ့အစည်းများမှ တဆင့် စစ်ဘေးရှောင်များထံ ပို့ဆောင်ပေးသင့်သည်ဟု မိမိတို့မှ အကြံပြုလိုပါသည်။

---

[21] Kantarawaddy Times, 11th Mar 2022. https://www.facebook.com/KantarawaddyTimes/posts/4892471750871296

[22] The 74 Media, Mar 12. https://www.facebook.com/The74Media/posts/518109463041913